Vol.2 (7), April 2022




# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

*စိုက်ပျိုးရေးဦးစီးဌာန*

**"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"**

15th April, 2022

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

ပါဝင်သောအကြောင်းအရာများ

စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

➢ နံစားသီးနှံ
➢ ဆီထွက်သီးနှံ
➢ ပဲမျိုးစုံ
➢ စက်မှုကုန်ကြမ်းသီးနှံ
➢ စားဖိုဆောင်သီးနှံ
➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိ
- ❖ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနက်၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုရှိနေ
- ❖ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုရှိနေ
- ❖ ဝါ (ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံ တစ်တန် ဈေးနှုန်းဖြစ်ပေါ်မှု
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ
- ❖ ငရုတ်အခြောက်ဈေးနှုန်း အတက်အကျရှိနေသော်လည်း ငရုတ်အစိုဈေးနှုန်းများ တည်ငြိမ်လျက်ရှိ
- ❖ ခရမ်းချဉ်ဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှု

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ ပခုက္ကူမြို့နယ်တွင် ချင်းပြည်နယ်မှ ထွက်ရှိသော ဝဥ လတ်လတ်ဆတ်ဆတ်များကို တစ်ပိဿာလျှင် (၉၅၀) ကျပ်ဖြင့် ရောင်းချလျက်ရှိ
- ❖ မူဝါဒအသစ်ပြောင်းလဲမှုသည် ပြောင်းတင်ပို့မှုကို ထိခိုက်နိုင်ဖွယ်မရှိ
- ❖ မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိ
- ❖ ရုရှားနိုင်ငံသည် နေကြာမျိုးစေ့ တင်ပို့မှုကို တားမြစ်ထား
- ❖ အာရှတွင် ကော်ဖီဝယ်လိုအား မြင့်တက်လာ
- ❖ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်ပို့သည့် လုပ်ငန်းစဉ်အား အကောင်းဆုံးဖြစ်စေရန် ePhyto စနစ်ကို အသုံးပြုလျက်ရှိ
- ❖ အမေရိကန်နိုင်ငံတွင် မိုးခေါင်မှုကြောင့် ဆယ်နှစ်အတွင်း ဝါဈေးနှုန်းများ မြင့်မားလာ

စာမျက်နှာ ၅ မှ ၈

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံစားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- ဧပြီလပထမ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါး ဈေးနှုန်းမှာ ပဲခူးဈေးကွက်၌ပင် တစ်တင်းလျှင် (၁၆၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဈေးကွက်အားလုံး၏ ပျမ်းမျှတစ်တင်းဈေးနှုန်းအနေဖြင့် (၁၃၂၅၀) ကျပ်ရှိနေပါသည်။ မတ်လဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါ က အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၁၅၀၀ကျပ် (၇%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိသော်လည်း ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။
- ဧပြီလပထမ(၁၅)ရက်အတွင်း မနောသုခစပါးဈေးနှုန်းမှာ နေပြည်တော်နှင့် ရန်ကုန်ဈေးကွက်တို့၌ တစ်တင်းလျှင် (၉၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး တွေ့ရှိရပြီး မတ်လဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့၌ တစ်တင်းလျှင် ၃၀၀ကျပ်မှ ၁၀၀၀ ကျပ်(၄%မှ ၁၃%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှု မရှိသည်ကို တွေ့ရှိရပါသည်။
- ဧပြီလပထမ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေသော်လည်း စပါးလက်ကျန်နည်းနေပြီး ဝယ်ယူသိုလှောင်မှုများရှိနေခြင်းနှင့် ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းများမြင့်တက်လျက်ရှိခြင်းတို့ကြောင့် စပါးဈေးနှုန်းမှာအနည်းငယ်မြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- ဧပြီလပထမ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အတွင်း တစ်တင်းလျှင် ၁၀၀၀ကျပ် (၇%)ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဈေးနှုန်းအခြေအနေမှာ ထိုင်းနိုင်ငံသို့ ယခုနှစ် ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့် ရှိနေခြင်းကြောင့် ပုံမှန်အရောင်းအဝယ်ဖြင့် ဈေးနှုန်း ဆက်လက်မြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၇၀၀၀)ကျပ်ရှိနေပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- ဧပြီလပထမ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်းမှာ စစ်ကိုင်းနှင့် ကချင်ပြည်နယ်ဈေးကွက်တို့၌ တစ်တင်းလျှင် (၇၀၀၀၀)ကျပ်ဝန်းကျင်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး မတ်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၂၀၀၀၀ကျပ် (၂%မှ ၄၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဧပြီလပထမ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်း အခြေအနေမှာ ပြည်တွင်းနှမ်းလက်ကျန် နည်းပါးလာခြင်းကြောင့်လည်းကောင်း၊ ယခုနှစ် စက်တင်ဘာလခန့်မှသာ နှမ်းအသစ်များ ဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်ခြင်းကြောင့်လည်းကောင်း ဈေးနှုန်းမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။
- မြေပဲ(အတောင့်)ဈေးနှုန်းမှာ ဧပြီပထမ(၁၅)ရက်အတွင်း တစ်တင်းလျှင် (၂၇၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ရန်ကုန်ဈေးကွက်၌သာ တစ်တင်းလျှင် (၂၁%)ခန့် ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ပြီး ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ ကျပ်(၆% မှ ၂၅%)ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ အချို့ ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှု မတွေ့ရှိရပါ။
- နေကြာဈေးနှုန်းမှာ ဧပြီလပထမ(၁၅)ရက်အတွင်း ပဲခူးဈေးကွက်၌ တစ်တင်းလျှင်(၃၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့် ရှမ်းပြည်နယ်တို့၌ တစ်တင်းလျှင် ၂%နှင့် ၄၆%ခန့် အသီးသီးဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။




| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မတ်လ ဒုတိယ(၁၅)ရက် | ဧပြီလ ပထမ(၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၁၈၅၀၀ | ၂၂၄၀၀ | (+)၂၁.၀၈ |
| မန္တလေး | ၁၃၅၀၀ | ၁၃၅၀၀ | ၀.၀၀ |
| ပဲခူး | ၂၇၀၀၀ | ၂၇၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၂၈၃၀၀ | ၂၃၀၀၀ | (-)၁၈.၇၃ |
| ကချင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ကရင် | ၁၆၀၀၀ | ၁၅၀၀၀ | (-)၆.၂၅ |
| ရခိုင် | ၂၀၀၀၀ | ၁၅၀၀၀ | (-)၂၅.၀၀ |
| ရှမ်း | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက် အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မတ်လ ဒုတိယ (၁၅)ရက် | ဧပြီလ ပထမ (၁၅)ရက် | ခြားနား ချက်(%) |
| နေပြည်တော် | ၄၄၀၀၀ | ၅၀၀၀၀ | (+)၁၃.၆၄ |
| ရန်ကုန် | ၅၈၀၀၀ | ၆၀၀၀၀ | (+)၃.၄၅ |
| မန္တလေး | ၄၃၀၀၀ | ၄၃၀၀၀ | ၀.၀၀ |
| ရွှေဝတီ | ၄၅၀၀၀ | ၄၁၅၀၀ | (-)၇.၇၈ |
| ပဲခူး | ၄၆၀၀၀ | ၅၆၀၀၀ | (+)၂၁.၇၄ |
| စစ်ကိုင်း | ၄၅၀၀၀ | ၄၄၅၀၀ | (-)၁.၁၁ |
| ကချင် | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |
| ကရင် | ၃၁၀၀၀ | ၃၁၀၀၀ | ၀.၀၀ |
| မွန် | ၄၄၀၀၀ | ၄၉၀၀၀ | (+)၁၁.၃၆ |
| ရခိုင် | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- ပဲတီစိမ်းဈေးနှုန်းမှာ ဧပြီလပထမ(၁၅)ရက်အတွင်း ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၆၂၀၀၀)ကျပ် ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ မတ်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါ က အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ကျပ်မှ ၈၀၀၀ကျပ်(၂%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းကျဆင်းသွားပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ကျပ်မှ ၃၇၀၀ကျပ်(၁%မှ ၁၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ဧပြီလပထမ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၆၀၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး မတ်လဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါ က အချို့ဈေးကွက်၌ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၁၀၀၀၀ကျပ်(၃%မှ ၂၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ ကျပ်မှ၅၀၀၀ကျပ်(၁%မှ ၁၁%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါ သည်။
- ပဲစဉ်းငုံဈေးနှုန်းမှာ ဧပြီလပထမ(၁၅)ရက်အတွင်း ရှမ်းပြည်နယ်၌ တစ်တင်းလျှင် (၄၉၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၂၀၀ကျပ်မှ ၃၀၀၀ကျပ်(၂%မှ ၇%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ဈေးကွက်များတွင် အမြင့်ဈေးနှုန်းဖြင့် ဈေးငြိမ်လျက်ရှိပါသည်။
- ဧပြီလပထမ(၁၅)ရက်အတွင်း ပဲမျိုးစုံဈေးနှုန်းအခြေအနေမှာ ဗဟိုဘဏ်မှ ဒေါ်လာငွေအပေါ် ငွေကြေးဆိုင်ရာမူဝါဒအပြောင်းအလဲသည်ပဲတင်ပို့သူများအကြားရိုက်ခတ်မှုများရှိလာခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ ပြည်တွင်းပဲဈေးနှုန်းများကို ထိန်းထားလိုခြင်းကြောင့် မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့်ကာလအား ၂၀၂၃ခုနှစ် မတ်လကုန်အထိ ထပ်မံ၍ (၁)နှစ်သက်တမ်းတိုးမြှင့်ပေးလိုက်ခြင်းကြောင့်လည်းကောင်း ပြည်ပပို့ကုန်ပဲများမှာ ဈေးနှုန်းပြောင်းလဲမှုရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ (ချည်မျှင်ရှည်)




- ❖ ဧပြီလပထမ(၁၅)ရက်အတွင်း ဝါ (ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၂၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် (၁၉၈၀)ကျပ် ရှိပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ရှမ်းပြည်နယ်တွင် တစ်ပိဿာလျှင် ၂၀၀ ကျပ်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဒေသများ၌ ဝါ ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ချက်ကြံ

- ဧပြီလပထမ(၁၅)ရက်အတွင်း ချက်ကြံဈေးနှုန်းအခြေအနေမှာ သကြားစက်ရုံများအနေဖြင့် ယခုနှစ်အတွက် ကြံကြိတ်ဝါးရာသီ ပြီးဆုံးသွားပြီဖြစ်ပြီး လက်ရှိကာလအတွင်း စက်သွင်းကြံပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်တန်လျှင် (၄၉၇၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ပဲခူး၌သာ တစ်တန်လျှင် (၃၀၀၀)ကျပ် ဈေးနှုန်းကျဆင်းသွားပြီး ကျန်ဒေသများတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ ။




## ရော်ဘာ

**ဧပြီလပထမ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ**




**Source: Perennial Crops Division, DoA**

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ဧပြီလပထမပတ်အတွင်း တနင်္သာရီဒေသ၌ (၁၃၀၄)ကျပ်မှ (၁၃၆၂)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၁၁၂၉) ကျပ်မှ (၁၂၀၉)ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၁၁၆၃)ကျပ်မှ (၁၂၁၂)ကျပ်အတွင်း အသီးသီးဈေးနှုန်း ဖြစ်ပေါ်လျက်ရှိပြီး ဒေသသုံးခု၏ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင်(၁၂၂၉)ကျပ်ရှိနေပါသည်။
- ဧပြီလပထမပတ်အတွင်း ရော်ဘာဈေးနှုန်းအခြေအနေမှာ မတ်လဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် တနင်္သာရီဒေသ၌ (၃၀)ကျပ်ခန့်၊ မွန်ပြည်နယ်၌ (၇၇)ကျပ်ခန့်နှင့် ကရင်ပြည်နယ်၌ (၃၂)ကျပ်ခန့် အသီးသီးဈေးနှုန်းလျော့ကျသွားသည်ကို တွေ့ရှိရပါသည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ ဧပြီလပထမ(၁၅)ရက်အတွင်း ဈေးကွက်အတွင်းရှိ ကြက်သွန်နီ တစ်ပိသာလျှင် ပျမ်းမျှဈေးနှုန်းမှာ (၁၁၅၈)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်းဈေးကွက်တွင် တစ်ပိသာလျှင် ၃၅၀ကျပ်ခန့် ဈေးနှုန်းကျဆင်းပြီး ကချင်ပြည်နယ်၌ တစ်ပိသာလျှင် ၃၀၀ကျပ်ခန့် ဈေးနှုန်းမြင့်တက်ကာ ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိသာ) | | |
|---|---|---|---|
| | မတ်လ ဒုတိယ (၁၅)ရက် | ဧပြီလ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၃၅၀ | ၃၃၅၀ | ၀.၀၀ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| ဧရာဝတီ | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၅၀၀ | ၄၀၀၀ | (-)၁၁.၁၁ |
| တနင်္သာရီ | ၅၀၀၀ | ၆၃၀၀ | (+)၂၆.၀၀ |
| ကချင် | ၄၅၀၀ | ၆၀၀၀ | (+)၃၃.၃၃ |
| ကရင် | ၅၀၀၀ | ၄၅၀၀ | (-)၁၀.၀၀ |
| မွန် | ၅၀၀၀ | ၅၅၀၀ | (+)၁၀.၀၀ |
| ရခိုင် | ၄၃၀၀ | ၈၀၀၀ | (+)၈၆.၀၅ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |

○ ဧပြီလပထမ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှတစ်ပိသာဈေးနှုန်းမှာ (၅၀၅၄)ကျပ်ရှိနေပြီး ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်ပိသာလျှင် ၅၀၀ကျပ်မှ ၃၇၀၀ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းသိသာစွာပြောင်းလဲမှု မရှိခဲ့ပါ။

## ခရမ်းချဉ်




○ ဧပြီလပထမ(၁၅)ရက်အတွင်း ခရမ်းချဉ်တစ်ပိသာလျှင် ပျမ်းမျှဈေးနှုန်းမှာ (၇၈၈)ကျပ်ရှိနေပါ သည်။ ဈေးကွက်အများစုတွင် ယခင်(၁၅)ရက်ရှိ အကျဈေးနှုန်းဖြင့်ပင် ဈေးနှုန်းငြိမ်နေသည်ကိုတွေ့ရှိရပြီး ကချင်နှင့် ရခိုင်ပြည်နယ်တို့၌ တစ်ပိသာလျှင် ၃၀၀ကျပ်ခန့် ဈေးနှုန်းဆက်လက် ကျဆင်းခဲ့ပါသည်။

## ငရုတ်(အစို)




○ ငရုတ်(အစို)ဈေးနှုန်းမှာ ဧပြီလပထမ(၁၅)ရက်အတွင်း ရှမ်းပြည်နယ်၌ တစ်ပိသာလျှင် (၆၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။ မတ်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မွန်နှင့် ကချင်ပြည်နယ်တို့တွင် တစ်ပိသာလျှင် ၁၆% နှင့် ၃၃% ခန့် အသီးသီးဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့တွင် ၁၁%မှ ၆၀%ခန့် အတွင်း ဈေးနှုန်းကျဆင်းခဲ့သော်လည်း ဈေးကွက်အများစုတွင် ဈေးငြိမ်လျက်ရှိနေပါသည်။

## ငရုတ်(အခြောက်)

○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ ဧပြီလပထမ(၁၅)ရက်အတွင်း ရန်ကုန်ဈေးကွက်၌ တစ်ပိသာလျှင် (၁၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်ပိသာလျှင် ၅၀၀ ကျပ်မှ ၄၀၀၀ကျပ်ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းငြိမ်နေပြီး ရခိုင်ပြည်နယ်တွင်သာ တစ်ပိသာလျှင် ၃၀၀၀ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

## ၂၀၂၂ခုနှစ် ဧပြီလပထမ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိသာ | ၁၅၀၀၀ | ၅၀၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | - |
| ငါးမြင်း | ။ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ။ | ၇၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၁၅၀၀ |
| ငါးခူ | ။ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ။ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၀၀၀၀ | ၁၅၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ။ | ၁၅၀၀၀ | ၁၄၀၀၀ | - | ၁၂၅၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ။ | ၁၇၀၀၀ | ၃၀၀၀၀ | - | ၉၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၈၅၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၀၀၀၀ | ၃၆၀၀၀ | ၃၁၀၀၀ | ၃၅၀၀၀ |
| ပုစွန်ဂျော့ | ။ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၈၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ။ | ၈၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိသာ | ၉၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ကြက်(ဒေသ) | ။ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ |
| ဝက် | ။ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ |
| အမဲ | ။ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၂၀၀၀ |
| ဆိတ် | ။ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၄၀ | ၂၀၀ |
| ဘဲ | ။ | ၁၈၀ | ၂၅၀ | ၂၀၀ | ၂၀၀ |
| ငုံး | ။ | ၃၀ | ၃၀ | ၃၀ | ၂၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### ပခုက္ကူမြို့နယ်တွင် ချင်းပြည်နယ်မှ ထွက်ရှိသော ဝဥလတ်လတ်ဆတ်ဆတ်များကို တစ်ပိဿလျှင် (၉၅၀)ကျပ်ဖြင့် ရောင်းချလျက်ရှိ

- ❖ ပခုက္ကူမြို့နယ်ငဖောင်းကန်ကျေးရွာအနီးရှိ ရွှေနယုန် ဝဥစက်ရုံမှ ပြင်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာသည့် ချင်းပြည်နယ်ထွက် ဝဥများကို တစ်ပိဿလျှင်(၉၅၀)ကျပ်ဖြင့် ပေး၍ ဝယ်ယူနေကြောင်း၊
- ❖ လတ်လတ်ဆတ်ဆတ် ဝဥများကိုတစ်ပိဿလျှင် ခန့်မှန်းခြေအားဖြင့် (၂,၀၀၀)ခန့် ရောင်းချရကြောင်း၊ ယခုလုပ်ငန်းကို လုပ်ကိုင်လာသည်မှာ (၅)နှစ် ကျော်ရှိကာ ဝဥပင်များကို စိုက်ပျိုးပြီး (၃)နှစ်အကြာတွင် တူးယူရိတ်သိမ်းရပါကြောင်း၊
- ❖ ဝဥစိုက်ပျိုးမှုမှ သွင်းအားစု၊ အလုပ်သမား၊ သယ်ယူပို့ဆောင်ခများနုတ်လိုက်ပါက အမြတ်ငွေကျပ် (၆)သိန်းခန့်ရရှိပါကြောင်း၊ လွန်ခဲ့သည့်နှစ်တွင် ဝဥဈေးနှုန်းသည် (၁,၈၅၀)ကျပ်ထိ ရောက်လုနီးပါး ဖြစ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပခုက္ကူမြို့နယ်၌ ဝဥဈေးနှုန်းသည် တစ်ပိဿလျှင် ကျပ်(၉၅၀)နှုန်း ဝန်းကျင်ရောက်ရှိနေကြောင်း၊
- ❖ ချင်းပြည်နယ်မြောက်ပိုင်း၌ တစ်ပိဿလျှင် (၁,၀၀၀) ကျပ် အထက်ပေါက်ဈေးရှိပါကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်အတူ ဈေးနှုန်းများ ပြန်လည်ကောင်းမွန်လာရန် မျှော်မှန်းထားပါကြောင်း ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ဈေးရောင်းချသူတစ်ဦးထံမှ သိရှိရပါကြောင်း၊
- ❖ ဝဥပြုပြင်ထုတ်လုပ်သည့် စက်ရုံကိုတည်ထောင်လာသည်မှာ(၃)နှစ်ခန့်ရှိကာ လိုအပ်သည့် ကုန်ကြမ်းများကို အများအားဖြင့် ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်များမှ ဝယ်ယူကြကြောင်း၊ ဖေဖော်ဝါရီလမှစတင်ကာ နေ့စဉ် ပိဿာပေါင်း(၃,၀၀၀)မှ (၁၀,၀၀၀)အထိ ဝယ်ယူကြကြောင်း၊ အဆိုပါ ဝဥများကို အများအားဖြင့် တရုတ်နှင့် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)နိုင်ငံများသို့ သင်္ဘောဖြင့် တင်ပို့ကြောင်း၊ ထို့ကြောင့် ဈေးနှုန်း အတက်အကျသည် ဝယ်လိုအားအပေါ်မူတည်နေ ကြောင်း၊
- ❖ ဝဥကို ပြုပြင်စီမံထုတ်လုပ်သည့် လုပ်ငန်းများတွင် ဆေးကြောခြင်း၊ ဖြတ်တောက်ခြင်း၊ ခါးဖြင့်ခုတ် ခြင်း၊ အချပ်လိုက် အလွှာလိုက်လှီးခြင်းနှင့် အခြောက်ခံခြင်း တို့ပါဝင်ပါကြောင်း၊ နောက်ဆုံးတွင် ၎င်းတို့ကို အမှုန့်ပြုလုပ်ကြောင်း၊ ဝဥခြောက် တစ်ပိဿလျှင် ဈေးနှုန်းအားဖြင့် (၆,၅၀၀) ကျပ်နှုန်းရှိကြောင်း၊ နိုင်ငံခြားတိုင်းပြည်များတွင် ဝဥကို တန်ဖိုးမြှင့်ထားသည့် အဆာပြေအစားအစာများ၊ ခေါက်ဆွဲများ၊ ဆေးဝါးများ စသည်တို့အဖြစ် ထုတ်လုပ်ကြောင်း၊ ၎င်းသည် အဆီနည်းပါးသည့် အစားအစာဖြစ်ပြီး ကျန်းမာရေးအရ ကောင်းကျိုးများစွာရှိကြောင်း၊
- ❖ သို့သော်လည်း ကျန်းမာရေးအရ ကောင်းကျိုးများစွာရှိသည့်ဝဥသည် နိုင်ငံအတွင်းရှိ ဒေသခံလူထုအကြားတွင် လူကြိုက်များမှု မရှိသေးပါကြောင်း ရွှေနယုန်စက်ရုံမှ ကြီးကြပ်ရေးမှူး ဦးပြည့်စုံအောင်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ❖ ဝဥစိုက်ပျိုးထုတ်လုပ်ခြင်းသည် အကျိုးအမြတ်များသည့် စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်လာကြောင်း၊ မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း၏အဆိုအရ မြန်မာနိုင်ငံသည် ဝဥကုန်ကြမ်း တစ်မျိုးတည်းကိုသာ တင်ပို့နေပြီး ထိုဝဥကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် ရေရှည်တွင် ဈေးကွက်သည်လည်း ကြီးမားလာနိုင်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံသည် အနည်းငယ်ပြုပြင်စီမံထားသော ဝဥများကို ပြုပြင်ထုတ်လုပ်နေကြောင်း၊
- ❖ ဝဥသည် ချင်းပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်ပြီး စိုက်ဧကအားဖြင့် (၈,၈၀၀)ဧကကျော်ခန့် စိုက်ပျိုးကြကြောင်း၊ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့နယ်များတွင် ဝဥ ပိဿာချိန်ပေါင်း (၁)သန်းခန့် နှစ်စဉ် ထွက်ရှိကြောင်း၊
- ❖ ဝဥပင်ကိုချင်းပြည်နယ်အပြင် ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးတို့ကဲ့သို့ နိုင်ငံနေရာအနှံ့အပြားတွင်ပါ စိုက်ပျိုးနိုင်ကြောင်း၊ ချင်းပြည်နယ်မှ ထွက်ရှိသော ဝဥများသည် အရည်အသွေးနှင့် အရသာအပိုင်းတွင် အခြားဒေသမှ ထွက်ရှိသည့် ဝဥထက် ပိုမိုကောင်းမွန်သောကြောင့် ဈေးကောင်းရရှိနေကြောင်း (၂၅.၃.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော TheGlobal New Light Of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/fresh-elephant-foot-yam-from-chin-state-sold-for-k950-per-viss-in-pakokku-tsp/#article

### မူဝါဒအသစ်ပြောင်းလဲမှုသည် ပြောင်းတင်ပို့မှုကို ထိခိုက်နိုင်ဖွယ်မရှိ

- ပြောင်းတင်ပို့မှုနှင့်ပတ်သက်သည့် မူဝါဒအသစ် ပြောင်းလဲမှုသည် ပြောင်းတင်ပို့ရာတွင် ကြီးမားသော သက်ရောက်မှုမရှိကြောင်း မြန်မာနိုင်ငံ ပြောင်းစက်မှု အသင်းအဖွဲ့ အစည်းဥက္ကဋ္ဌ ဦးမင်းခိုင်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ပြောင်းကစီဓာတ်၊ ပေါက်ပေါက်၊ မျိုးစေ့၊ ပြောင်းဖူးမှုန့်၊ သီးနှံအစေ့အဆံများ၊ ပြောင်းဆန်များ၊ ကောက်နှံအစေ့များ၊ အစားအစာနှင့် အစေ့များ၊ buckwheat နှင့် canary seeds များ အပါအဝင် ကုန်ပစ္စည်းများကို (၂၀၂၂)ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ ပို့ကုန်လိုင်စင်ရယူရန် အကြောင်းကြားထားပြီး ဖြစ်ကြောင်း၊
- မူဝါဒအပြောင်းအလဲများသည် ပို့ကုန်များတင်ပို့မှုအပေါ်တွင် ဆိုးဝါးစွာထိခိုက်စေမည်မဟုတ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် အခြားလုပ်ထုံးလုပ်နည်းတစ်ခုအား ထပ်မံဖြည့်စွက်ထားကြောင်း၊ ယခင်က ပြောင်းတင်ပို့ရာတွင် ပို့ကုန်လိုင်စင်ကင်းလွတ်ခွင့်ပေးပြီး ပုံစံ(ဃ)ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ကြောင်း၊ ယင်းလုပ်ထုံးလုပ်နည်းများအား မလုပ်ဆောင်နိုင်လျှင် တင်ပို့မှုကြန့်ကြာသွားနိုင်ကြောင်း၊
- ယင်းလုပ်ဆောင်ချက်သည် စားနပ်ရိက္ခာဖူလုံရေး၊ အမျိုးသားလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို တိုင်းတာရန်အတွက် ရည်ရွယ်ထားကြောင်း၊ ထို့ကြောင့် ပို့ကုန်တင်ပို့သူများသည် ဧပြီလ (၁)ရက်နေ့မှစ၍ ကုန်သွယ်မှုလမ်းကြောင်းများ (ပင်လယ်ရေကြောင်း၊ နယ်စပ်ဂိတ်၊ လေ ကြောင်း)မှ ပို့ကုန်လိုင်စင်များ ယူရမည်ဖြစ်ကြောင်း၊
- လက်ရှိတွင် ပြောင်းဖူးအတွက် (FOB)ပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၂၀-၃၄၀)ရှိပြီး ရန်ကုန်ဈေးကွက်တွင် ပြောင်းအရည်အသွေးပေါ်မူတည်၍ တစ်ပိဿလျှင် ကျပ်(၁၀၂၀-၁၀၄၀)ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်)ထံမှ သိရှိရပါကြောင်း၊
- လွန်ခဲ့သော (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသည် ပြည်ပကုန်သွယ်ဖက် နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ် နိုင်ငံများသို့ ပြောင်းတန်ချိန် (၂.၃)သန်းကို တင်ပို့ခဲ့ပါကြောင်း၊
- လက်ရှိတွင် ပြောင်းကိုရှမ်းပြည်နယ်၊ ကချင်၊ ကယားနှင့် ကရင်ပြည်နယ်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းကိုဆောင်းရာသီ၊ နွေရာသီနှင့် မုတ်သုံရာသီစသည့် ရာသီသုံးမျိုးတွင် စိုက်ပျိုးကြောင်း၊ မြန်မာနိုင်ငံသည် နှစ်စဉ်ပြောင်းတန်ချိန် (၂၅.၃)သန်း ထွက်ရှိကြောင်း (၃၀.၃.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/new-policy-changes-unlikely-to-affect-corn-exports/

### မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်း

- ✓ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်လက်ကားရောင်းဝယ်ရေးစင်တာ (ဝါးတန်း)မှ ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရှိရ

ပါကြောင်း၊ မတ်လ နောက်ဆုံးအပတ်တွင် ဆန် (၁၀၈) ပေါင်အိတ်ပေါက်ဈေးမှာ ပေါ်ဆန်းအတွက် ငွေကျပ် (၄၇,၀၀၀)မှ (၅၀,၀၀၀)ကြား၊ ကျားပျံရှယ်ဆန်မှာ ကျပ် (၅၃,၀၀၀)မှ(၅၅,၀၀၀)ကြား၊ အထူးခွဲနီမှာ ကျပ် (၃၉,၅၀၀)မှ (၄၁,၀၀၀)ကြား၊ ပြည်တွင်းဈေးကွက်တွင် ရက်(၉၀)ဆန်အတွက်ပေါက်ဈေးမှာ ကျပ်(၃၂,၅၀၀)မှ (၃၃,၅၀၀)ကြားရှိကြောင်း သိရှိရပါကြောင်း၊

- ✓ အလားတူပင် မတ်လ(၁)ရက်နေ့တွင် ဆန်(၁၀၈)ပေါင်အိတ်ပေါက်ဈေးမှာ ပေါ်ဆန်းအတွက် ငွေကျပ် (၃၉,၀၀၀)မှ (၄၀,၀၀၀)ကြား၊ ကျားပျံရှယ်အတွက် ငွေကျပ် (၄၆,၀၀၀)မှ (၄၈,၀၀၀)ကြား၊ ရက်(၉၀)ဆန်မှာ ကျပ်(၂၉,၀၀၀)မှ (၃၀,၀၀၀)ကြား ရှိခဲ့ကြောင်း၊
- ✓ ထို့ကြောင့် တစ်လအတွင်း (၁၀၈)ပေါင်ဆန် တစ်အိတ်လျှင် ငွေကျပ်(၃,၅၀၀)မှ (၁၀,၀၀၀)ကြား ကွာဟနေကြောင်း၊ ဆန်ဈေးတက်ခြင်းသည် စပါးဈေးတက် ခြင်းကြောင့်ဖြစ်ကြောင်း ဆန်ကုန်သည်များ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ✓ လက်ရှိအချိန်တွင် စပါးအထွက်နည်းသောကြောင့် ဆန်ဈေးမြင့်တက်လျက်ရှိပြီး ပေါ်ဆန်းဆန် တင်း (၁၀၀) လျှင် ငွေကျပ်(၁)သိန်းကျော်ရှိပြီး ညော့မထစပါးမှာ တင်း (၁၀၀)လျှင် ကျပ်(၇၀၈,၀၀၀)မှ ကျပ် (၈၀၀,၀၀၀)အထိ ပေါက်ဈေးရှိကြောင်း၊
- ✓ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများ အသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်းနှင့် ဆန်တင်ပို့ရောင်းချသည့်ကုမ္ပဏီများသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စားသုံးသူများအတွက် ကားများဖြင့်လှည့်လည်၍ သက်သာသောဈေးနှုန်းဖြင့် ဆန်များ ရောင်းချပေးလျက်ရှိကြောင်း၊ တန်းနိမ့်ဆန်တစ်တင်းလျှင် ငွေကျပ်(၁၀၀၀)နှင့် ပေါ်ဆန်း ဆန်တစ်တင်းလျှင် (၁၇၀၀) ကျပ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊
- ✓ အဆိုပါ မိုဘိုင်းရောင်းချမှုအစီအစဉ်ကို MRF၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများ အသင်းနှင့် ဝါးတန်းဆန်လက်ကားအရောင်းစင်တာတို့မှ မျှတသော ဈေးနှုန်းဖြင့် ပေးဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ✓ တစ်ဦးလျှင် (၁၀၈)ပေါင် အိတ်(၁)အိတ်မှ (၅)အိတ်ခန့် ဝယ်ယူနိုင်ကြောင်း၊ ဝယ်ယူလိုသူများသည် အမှတ် (၁၀၀)၊ လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းကြား (ကွန်ကရစ်အမြန်လမ်းမဘေး) ဆိပ်ကမ်းနယ်မြေ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဝါးတန်း ဆန်လက်ကား အရောင်းစင်တာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ် (၀၉ ၄၂၁၁၆၇၄၇၄ နှင့် ၀၁-၂၁၈၂၆၆-၆၈)တို့မှ တစ်ဆင့်လာရောက်ဝယ်ယူနိုင်ကြောင်း (၂၉.၃.၂၂)တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/price-of-rice-rises-in-domestic-market/

# ပြည်ပသတင်းများ

## ရုရှားနိုင်ငံသည် နေကြာမျိုးစေ့ တင်ပို့မှုကို တားမြစ်ထား

- ရုရှားနိုင်ငံသည်(၁.၄.၂၀၂၂)ရက်နေ့မှစတင်၍ ဩဂုတ်လကုန်အထိ နေကြာမျိုးစေ့တင်ပို့မှုကို ကန့်သတ်ထားမည်ဖြစ်ပြီး ပြည်တွင်းပြတ်လပ်မှုနှင့် ဈေးနှုန်းများအပေါ် ဖိအားများ လျှော့ပါးစေရန် နေကြာဆီတင်ပို့မှုခွဲတမ်းပမာဏ ချမှတ်ထားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊
- ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန် ရည်ရွယ်သည့် အစီအမံများထဲမှ စိုက်ပျိုးရေးထုတ်ကုန်များ အတွက် တားမြစ်ချက်များနှင့် တင်ပို့မှုခွဲတမ်းပမာဏ များကို အစိုးရမှ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊
- နေကြာဆီနှင့် ဆီထွက်သီးနှံဈေးနှုန်းများ ကမ္ဘာနှင့်တစ်ဝှမ်း မြင့်တက်လာခြင်းနှင့်အတူ ရုရှားထွက်ကုန်များသည်လည်း ဝယ်လိုအားမြင့်တက်နေကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊
- မျိုးစေ့တင်ပို့ခြင်းများကို ဧပြီ(၁)ရက်မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ တားမြစ်မည်ဖြစ်ပြီး ဧပြီလ (၁၅) ရက်နေ့မှ (၃၁)ရက်နေ့အထိ နေကြာဆီ တင်ပို့မှုခွဲတမ်း တန်ချိန်ပေါင်း (၁.၅)သန်းကို တင်ပို့မည်ဖြစ်ကြောင်း၊ နေကြာကြိတ်ဖတ် တန်ချိန်(၇၀၀,၀၀၀)တင်ပို့ရန်လည်း ရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊
- ယူကရိန်းနှင့် ရုရှားနိုင်ငံတို့သည် ကမ္ဘာ့အများဆုံး နေကြာဆီထုတ်လုပ်သည့်နိုင်ငံများဖြစ်ပြီး အိန္ဒိယနိုင်ငံသည် အဓိကဝယ်ယူစားသုံးသည့် နိုင်ငံဖြစ်ပါကြောင်း၊
- ယူကရိန်းမှ ကုန်ပစ္စည်းထောက်ပံ့နေမှု ရပ်တန့်သွားပြီးနောက် ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းများ မြင့်တက်သွားသည့်အတွက် အိန္ဒိယနိုင်ငံသည် ရုရှားမှ နေကြာဆီ တန်ချိန်ပေါင်း (၄၅,၀၀၀)တန်ကို စံချိန်တင်ဈေးနှုန်းဖြင့် ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားကြောင်း၊
- မော်စကိုအနေဖြင့် ပြည်တွင်းရောင်းလိုအား တည်ငြိမ်စေရန် နေကြာဆီတင်ပို့မှု ခွဲတမ်းပမာဏ သတ်မှတ်သင့်သည်ဟု ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနမှ လွန်ခဲ့သည့် သတင်းပတ်တွင် ပြောကြားခဲ့ကြောင်း၊
- ယူကရိန်းအကျပ်အတည်းများအပေါ် အနောက်နိုင်ငံများမှ ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားပြီးနောက် ရုရှားနိုင်ငံသည် ၎င်း၏စားနပ်ရိက္ခာ ဈေးကွက်ကို ကာကွယ်ရန် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း၊
- ထိုအစီအမံများသည် ပြည်တွင်းပြတ်လပ်နိုင်မှုများကို ဖယ်ရှားပေးနိုင်မည့်အပြင် ရုရှားနိုင်ငံရှိ ကုန်ကြမ်းနှင့် လူမှုဖူလုံရေးအတွက် အရေးကြီးထုတ်ကုန်များ၏ ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာမည်ဟု သိရှိရပါကြောင်း၊
- ကမ္ဘာ့ကုန်သွယ်လုပ်ငန်း တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော မွန်ဘိုင်းအခြေပြုကုန်သည်တစ်ဦး၏ ပြောကြားချက်အရ ကန့်သတ်မှုများကြောင့် ဈေးနှုန်းများ မြင့်မားလိမ့်မည် ဖြစ်ကြောင်း၊
- သို့သော် ယူကရိန်းနိုင်ငံ၏ ပို့ကုန်များမှာ ရပ်တန့်ထားပြီးဖြစ်ပြီး ရုရှားနိုင်ငံမှ ပမာဏများသည် ဝယ်လိုအား မပြည့်မီသောကြောင့် ထိုကန့်သတ်ချက်များသည် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားအပေါ် ထိခိုက်နိုင်ဖွယ် မရှိကြောင်း၊
- ရုရှားနေကြာဆီကုန်ကြမ်းကို အိန္ဒိယနိုင်ငံတွင် ဧပြီလအတွက် ကုန်ကျစရိတ်၊ အာမခံနှင့် ကုန်စည်ပို့ ဆောင်ခ (CIF)အပါအဝင် တစ်တန်လျှင် စံချိန်တင် ဈေးနှုန်းဖြစ်သော ကန်ဒေါ်လာ (၂,၁၅၀)ဖြင့် ကမ်း လှမ်းထားပြီး စားအုန်းဆီ ကုန်ကြမ်းတစ်တန်လျှင် ကန်ဒေါ်လာ (၁,၇၂၀)နှင့် ပဲပုပ်ဆီတစ်တန်လျှင် ကန်ဒေါ်လာ (၁,၇၆၇) ဒေါ်လာ ရှိကြောင်း (၃၁.၃.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော REUTERS ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.reuters.com/business/russia-ban-sunflower-seed-exports-impose-quota-sunoil-2022-03-31/

## အာရှတွင် ကော်ဖီဝယ်လိုအား မြင့်တက်လာ

- ➢ သမိုင်းကြောင်းအရ အာရှသည် ကော်ဖီအဓိက သောက်သုံးသော ဒေသမဟုတ်သော်လည်း ယခုအခါ များစွာ ပြောင်းလဲလာကြပြီဖြစ်ကြောင်း၊ ဒေသတွင်းရှိ နိုင်ငံအနည်းငယ်မှ ဦးဆောင်ပြီး ဒေသအနှံ့ ကော်ဖီသောက်သုံးမှုများပြားလာကြကြောင်း၊

**သိသာထင်ရှားသောဈေးကွက်များ**

- ➢ (၂၀၂၀)ခုနှစ်တွင်ဂျပန်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၃၄.၄၅) ဘီလီယံတန်ဖိုးနှင့်ညီသော ကော်ဖီ ရောင်းအားနှင့်အတူဦးဆောင်နေပြီး တိုးတက်မှုသည်လည်း တည်ငြိမ်လျက်ရှိကြောင်း၊
- ➢ တရုတ်နိုင်ငံသည် မကြာသေးမီမှ တောင်ကိုရီးယားနိုင်ငံ၏ ကော်ဖီဈေးကွက် (အမေရိကန်ဒေါ်လာ ၁၂.၆ ဘီလီယံ)ကို ဖြတ်ကျော်ပြီး ဒုတိယအကြီးဆုံး ကော်ဖီဈေးကွက် (အမေရိကန်ဒေါ်လာ ၁၄.၂၅ ဘီလီယံ)

အဖြစ် ရပ်တည်လျက်ရှိပြီး တစ်နှစ်ထက် တစ်နှစ် နှစ်ဆနီးပါး တိုးတက်လာခဲ့ကြောင်း၊

- ➢ တရုတ်နိုင်ငံ၏ ရေရှည်ဝယ်လိုအားသည် နှစ်စဉ် တိုးတက်လာပြီး ကမ္ဘာ့အကြီးဆုံး ကော်ဖီဈေးကွက်ဖြစ်သည့် အမေရိကန်နှင့် အပြိုင်အဆိုင်ဖြစ်နိုင်ချေရှိပါကြောင်း၊
- ➢ အင်ဒိုနီးရှားနိုင်ငံသည် ယခုအခါ ကော်ဖီစေ့ အဓိကထုတ်လုပ်ကြပြီး ပြည်တွင်းဖြစ် ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်း(၂)မျိုးလုံးကို ၎င်းတို့ကိုယ်တိုင် ပြုလုပ်လာသည်ကို တွေ့ရှိရပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေပမာဏ၊ စီးပွားရေးဖွံ့ဖြိုးမှုအခန်းကဏ္ဍနှင့် ကော်ဖီရောင်းအား၏ နှစ်စဉ်(၁၁)ရာခိုင်နှုန်းနီးပါးသည် CAGR အရ မကြာမီ တောင်ကိုရီးနိုင်ငံကို ကောင်းစွာကျော်ဖြတ်နိုင်မည်ဖြစ်ပြီး ကော်ဖီအများဆုံး သောက်သုံးသည့် တရုတ်နိုင်ငံနှင့်အတူ ဦးဆောင်လာမည်ဖြစ်ကြောင်း၊
- ➢ ကော်ဖီသည် ထိုင်ဝမ်ဈေးကွက်တွင် ပိုမိုအဆင်ပြေပြီး ထိုင်ဝမ်သည် CAGR (၇.၃၁)ရာခိုင်နှုန်းနှင့်အတူ ပိုသစ်လွင်သော ကော်ဖီများနှင့် စိတ်ကြိုက်သောက်သုံးမှုအတွေ့အကြုံအတွက် ဝယ်လိုအားတိုးလာပြီး ကော်ဖီအမှတ်တံဆိပ် အမျိုးအစားအားလုံးအတွက် ဘက်စုံ တိုးတက်မြင့်မားသော ဈေးကွက်တစ်ခုဖြစ်ကြောင်း၊
- ➢ စင်ကာပူနှင့် ဟောင်ကောင်တို့တွင် စည်းမျဉ်းများလျှော့ချခြင်းနှင့် အကောက်ခွန်မဲ့ ကုန်သွယ်နိုင်ပြီး ထိုင်ဝမ်သည် နိုင်ငံခြားတွင် အရောင်းမြှင့်တင်ရန်နှင့် တိုးချဲ့ရောင်းချလိုသော ကော်ဖီ အမှတ်တံဆိပ်များအတွက်ဆွဲဆောင်မှုရှိသော အခွင့်အရေးဖြစ်ကြောင်း၊
- ➢ စင်္ကာပူ၊ ဟောင်ကောင်၊ မကာအိုတို့ရှိ စားသုံးသူများသည် အရည်အသွေးမြင့်၊ အသစ်အဆန်း (သို့မဟုတ်) နှစ်မျိုးစလုံးကိုပေးဆောင်သည့် ကော်ဖီအမှတ်တံဆိပ်များအတွက် ဈေးကွက်ကောင်းတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း၊
- ➢ ကမ္ဘာပေါ်တွင် ဝင်ငွေမြင့်မားလာသည်နှင့်အတူ ကော်ဖီနှစ်သက်သူများသည် pore-overs စက်ဖြင့် ဖျော်သော အသင့်သုံးကော်ဖီအတောင့်/ အိတ်ငယ်များနှင့် pods (ဥပမာ Nespresso ကဲ့သို့) အဆင့်မြင့်အရသာ ကောင်းမွန်သော ကော်ဖီရွေးချယ်ဝယ်ယူရန် ပိုမိုနှစ်သက်လာကြကြောင်း၊ အဆိုပါကော်ဖီဈေးကွက်များသည် နှစ်စဉ် (၅) ရာခိုင်နှုန်းကျော် တိုးတက်နေဆဲဖြစ်ကြောင်း၊
- ➢ မလေးရှားနိုင်ငံသည် ထိုင်ဝမ်ထက် လူဦးရေပိုများသော်လည်း တရုတ်နိုင်ငံကဲ့သို့ ချမ်းသာသောကြောင့် အာရှကော်ဖီထုတ်လုပ်သူများမှ မကြာခဏ သတိထားမိသည့် အခွင့်အလမ်းတစ်ခုဖြစ်ပြီး အာရှကော်ဖီ၏ အနာဂတ်သည် အလားအလာကောင်းများစွာရှိပြီး ကော်ဖီအမျိုးအစားအားလုံးတွင် ဝယ်လိုအား ကြီးထွားလာကြောင်း၊
- ➢ အာရှတစ်ခွင်သည် ကော်ဖီအမှတ်တံဆိပ်အားလုံးအတွက် အခွင့်အလမ်းကောင်းများ ပေးစွမ်းနိုင်ပြီး ကော်ဖီလုပ်ငန်းများ ကောင်းမွန်ဖြစ်ထွန်းနိုင်ကြောင်း (၁၇.၃.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://www.mersolluo.com/ ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.mersolluo.com/growing-demand-for-coffee-in-asia/

## ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်ပို့သည့် လုပ်ငန်းစဉ်အား အကောင်းဆုံးဖြစ်စေရန် ePhyto စနစ်ကို အသုံးပြုထားခြင်း

- ♣ (၂၀၂၂)ခုနှစ် ထိုင်းသစ်သီးဝလံတင်ပို့သည့် ရာသီအတွက် ကြိုတင်ပြင်ဆင်ရန် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်နှင့် အစားအသောက် စံချိန် စံညွှန်းများ အမျိုးသားဗျူရို (ACFS)သည် စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာဦးစီးဌာနနှင့် Internation-ale Zusam menarbeit (GIZ)တို့နှင့်အတူ ပူးပေါင်း၍ နိုင်ငံအရှေ့ပိုင်းရှိ သစ်သီးဝလံ တင်ပို့သူများအား ePhyto System ကို အသုံးပြုရန်အတွက် လမ်းညွှန်ချက်များ ပေးခဲ့ကြောင်း၊
- ♣ Phytosanitary electronic certification system ကို စတင်ဆောင်ရွက်ခြင်းသည် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာတင်ပို့မှုအတွက် ပိုမိုအဆင်ပြေလိမ့်မည်ဖြစ်ပြီး အထူးသဖြင့် ထိုင်းနိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုကို လှုံ့ဆော်ပေးနိုင်မည်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူးဖြစ်သူ Phi San မှ မှော်မှန်းထားကြောင်း၊
- ♣ အဆိုပါစနစ်ကို ကျင့်သုံးခြင်းဖြင့် သစ်သီးဝလံ ကုန်သည်များသည် သက်ဆိုင်ရာ ထောက်ခံချက်များကို အလွယ်တကူရရှိနိုင်ပြီး ထိုင်းနိုင်ငံ၏ ကမ္ဘာ့ပို့ကုန်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်ကာ နိုင်ငံအတွက် တည်ငြိမ်သော နိုင်ငံခြားဝင်ငွေကို ဖန်တီးပေးနိုင်ကြောင်း၊
- ♣ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှစ၍ စိုက်ပျိုးရေးဆိုင်ရာသိပ္ပံနှင့် နည်းပညာဦးစီးဌာနသည် ပြည်ပသို့တင်ပို့သည့် သစ်သီးဝလံ(၂၂)မျိုးတွင် e-Phyto certification system ကို စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း၊
- ♣ တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့် သစ်သီးဝလံများမှာ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ လောင်ဂန်၊ အုန်းသီးနှ၊ ပိန္နဲသီး၊ ၄က်ပျောသီး၊ နာနတ်သီး၊ စပျစ်သီး၊ သရက်သီး၊ မန်ကျည်းချို၊ sago (သာဂူ)၊ သဘော်သီး၊ star fruit (စောင်းခါးသီး)၊ မာလကာသီး၊ ကြက်မောက်သီး၊ သကြားသီး၊ passion fruit (ပင်မှည့်သီး)၊ လိမ္မော်ခွံ၊ လိမ္မော်သီး၊ လိုက်ချီးသီးနှင့် ပန်းသီးတို့ဖြစ်ကြောင်း၊
- ♣ Operators (၂၀၀)ခန့်သည် အဆိုပါသင်တန်း လုပ်ရှားမှုများတွင် ပါဝင်တက်ရောက်ခဲ့ပြီး GIZ မှ တာဝန်ရှိသူများသည် သင်တန်းသားများ၏ မေးခွန်းများနှင့် လက်တွေ့လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသည့် ပြဿနာများအား အသေးစိတ်ဖြေကြား ပေးခဲ့ကြောင်း၊ ရည်ရွယ်ချက်မှာ အရှေ့ပိုင်းသစ်သီးဝလံထုတ်လုပ်သည့် ဒေသများမှ သက်ဆိုင်သူများအနေဖြင့် အဆိုပါစနစ်အား ပိုမိုကောင်းမွန်စွာ အသုံးချနိုင်စေရန်နှင့် တရုတ်နိုင်ငံသို့ ထိုင်းသစ်သီးဝလံများ တင်ပို့ရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်ပါကြောင်း (၂၂-၃-၂၀၂၂) ရက်နေ့တွင်ထုတ်ပြန်သော www.freshplaza.com ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.freshplaza.com/article/9411666/thailand-uses-the-ephyto-system-to-optimize-the-fruit-export-process-to-china

## အမေရိကန်နိုင်ငံတွင် မိုးခေါင်မှုကြောင့် ဆယ်နှစ်အတွင်း ဝါဈေးနှုန်းများ မြင့်မားလာ

- ✚ အမေရိကန်ပြည်ထောင်စုအလယ်ပိုင်းတွင် ကာလရှည်ကြာမိုးခေါင်မှုကြောင့် တနင်္လာနေ့တွင် ဝါဈေးနှုန်းသည် ဆယ်စုနှစ်တစ်ခုကျော်အတွင်း အမြင့်ဆုံးဖြစ်လာခဲ့ကြောင်း၊
- ✚ Plant fiber သည် တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁.၃၁၇၃ (၄၅၃ ဂရမ်ခန့်)သို့ ရောက်ရှိခဲ့ပြီး (၂၀၁၁)ခုနှစ် ဇူလိုင်လနောက်ပိုင်းတွင် အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း၊ အမေရိကန် ဝါထုတ်လုပ်မှုအားလုံး၏ (၄၀)ရာခိုင် နှုန်းခန့်ကို ထုတ်လုပ်သည့် တက္ကဆက်ပြည်နယ် အနောက်မြောက်ပိုင်းသည် ဇန်နဝါရီ အစောပိုင်းမှစ၍ မိုးရေချိန်ထူးထူးခြားခြား နည်းပါးခဲ့ကြောင်း၊
- ✚ အမေရိကန်နိုင်ငံ၏ ဒေသအပေါ်မူတည်၍ ဝါကို မတ်လမှဇွန်လအထိ စိုက်ပျိုးထားသောကြောင့် ယခုနှစ်ဝါထွက်ရှိမှုနှင့်ပတ်သတ်၍ ဈေးကွက်တွင် မရေရာမှုများရှိနေကြောင်း တက္ကဆက်ပြည်နယ်၊ A & M တက္ကသိုလ်ရှိ ဝါကျွမ်းကျင်ပညာရှင်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ✚ လက်ရှိရာသီဥတုအခြေအနေနှင့် နှိုင်းယှဉ်ပါက (၂၀၁၁) ခုနှစ် ရာသီဥတုအခြေအနေသည် မိုးခေါင်မှု အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ဝါဈေးနှုန်းများသည် တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ (၂.၂၇)အထိ မြင့်တက်ခဲ့ကြောင်း၊
- ✚ ကမ္ဘာ့အကြီးဆုံး ထုတ်လုပ်သူနှင့် တင်သွင်းသည့်နိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်မားလာခဲ့ကြောင်း၊ အခြားအကြောင်းအရင်းတစ်ချက်မှာ ဝါခြံများတွင် တွင်ကျယ်စွာ အသုံးပြုခဲ့သော ရေနံမှရရှိသည့် ပိုးသတ်ဆေး ဈေးနှုန်းများ မြင့်တက်လာကြောင်း၊
- ✚ ချည်ဈေးနှုန်းများ မြင့်မားလာသောကြောင့် အမေရိကားတွင် ဝါစိုက်ကေမျာ:း သိသိသာသာ တိုးချဲ့ရန် မျှော်လင့်ထားသော်လည်း ပိုးသတ်ဆေး ကုန်ကျ

စရိတ်သည် ဝါစိုက်ကေများ တိုးချဲ့ရန် ဆောင်ရွက်မှုကို ကန့်သတ်မှုရှိလာနိုင်ကြောင်း၊

- ၎င်းသည် ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသောမှန်းဆဝယ်ယူမှု လှိုင်းတစ်ခုဖြစ်ပါကြောင်း (၂၃.၃.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Global Economy ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.thedailystar.net/business/global-economy/news/us-drought-pushes-cotton-prices-ten-year-high-2988406

## ၂၀၂၂ ခုနှစ်၊ ဧပြီလပထမ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ရောဝတီ | ရှမ်း |
| မနောသုခ | ၃၂၀၀၀ | ၃၅၀၀၀ | ၄၃၀၀၀ | ၃၀၀၀၀ | ၄၄၀၀၀ |
| ဆင်းသုခ | ၃၂၀၀၀ | ၃၃၀၀၀ | ၄၃၀၀၀ | ၃၀၀၀၀ | ၄၄၄၀၀ |
| ရောမင်း | ၄၆၀၀၀ | ၃၃၀၀၀ | ၆၀၀၀၀ | ၃၂၀၀၀ | ၄၉၀၀၀ |
| ပေါ်ဆန်း | ၆၄၀၀၀ | ၄၆၀၀၀ | ၆၂၀၀၀ | ၅၀၀၀၀ | ၆၄၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဧပြီလပထမ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ရခိုင် | ရှမ်း |
| မြေပဲဆီ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ |
| နေကြာဆီ | ၉၅၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ |
| စားအုန်းဆီ | ၇၅၀၀ | ၆၅၀၀ | - | ၈၀၀၀ | ၇၀၀၀ |
| ပဲပုတ်ဆီ | - | - | ၈၀၀၀ | - | ၈၅၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

### ၂၀၂၂ ခုနှစ် မတ်လ တတိယပတ်နှင့် စတုတ္ထပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မတ်လ တတိယပတ် | မတ်လ စတုတ္ထပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၁၇.၁၃၃ | ၁၅.၂၅၃ | (-)၁.၈၈ |
| | ကီလို | ၂၄၉၀၂.၄၄၉ | ၂၁၅၁၁.၉၈ | (-)၃၃၉၀.၄၆၉ |
| ပဲတီစိမ်း | US$ | ၂၁.၄၀၅ | ၂၆.၆၈၃ | (+)၅.၂၇၈ |
| | ကီလို | ၂၈၆၇၄.၁၀၃ | ၃၆၃၄၄.၄၅၂ | (+)၇၆၇၀.၃၄၉ |
| ပဲစဉ်းငုံ | US$ | ၉.၅၉၆ | ၅.၄၂၆ | (-)၄.၁၇ |
| | ကီလို | ၁၃၇၁၃.၈၂ | ၇၈၃၆.၇၇ | (-)၅၈၇၇.၀၅ |
| ကုလားပဲ | US$ | ၀.၆၃၈ | ၀.၈၃၆ | (+)၀.၁၉၈ |
| | ကီလို | ၁၀၆၂.၃၅ | ၁၃၄၅.၀၁ | (+)၂၈၂.၆၆ |
| ပဲလွန်းဖြူ | US$ | ၁.၇၀၅ | ၂.၁၉ | (+)၀.၄၈၅ |
| | ကီလို | ၂၅၉၀.၄၂ | ၃၄၀၂.၆၅ | (+)၈၁၂.၂၃ |
| မြေထောက်ပဲ | US$ | ၃.၅၁၇ | ၃.၄၅၃ | (-)၀.၀၆၄ |
| | ကီလို | ၄၆၃၀.၉၅၉ | ၄၈၀၈.၉၁၈ | (+)၁၇၇.၉၅၉ |
| ထောပတ်ပဲ | US$ | ၀.၅၉၄ | ၀.၂၄၆ | (-)၀.၃၄၈ |
| | ကီလို | ၈၅၆.၀၅ | ၂၇၃.၀၀ | (-)၅၈၃.၀၅ |
| ပဲယင်း | US$ | ၄.၉၄၆ | ၃.၂၆၅ | (-)၁.၆၈၁ |
| | ကီလို | ၇၁၅၇.၅၀၉ | ၄၇၆၅.၃၁၃ | (-)၂၃၉၂.၁၉၆ |
| ပဲကြီး | US$ | ၀.၂၄၇ | ၀.၇၀၃ | (+)၀.၄၅၆ |
| | ကီလို | ၃၉၁.၆၅ | ၁၀၇၆.၇၃ | (+)၆၈၅.၀၈ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၀၀ | ၀.၃၃၆ | (+)၀.၃၃၆ |
| | ကီလို | ၀.၀၀ | ၄၅၇.၉၈၅ | (+)၄၅၇.၉၈၅ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၀ | ၀.၁၂၁ | (+)၀.၁၂၁ |
| | ကီလို | ၀.၀၀ | ၁၆၂.၀၀ | (+)၁၆၂.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၄၉၁ | ၁.၁၂၆ | (+)၀.၆၃၅ |
| | ကီလို | ၇၆၀.၀၁ | ၁၇၃၀.၅၂ | (+)၉၇၀.၅၁ |
| မြေပဲ (အခွံပါ) | US$ | ၀.၀၀ | ၀.၂၅၅ | (+)၀.၂၅၅ |
| | ကီလို | ၀.၀၀ | ၃၉၄.၃၀၇ | (+)၃၉၄.၃၀၇ |
| မြေပဲဆံ | US$ | ၁.၂၀ | ၁.၀၀ | (-)၀.၂ |
| | ကီလို | ၁၂၅၂.၁၂၂ | ၁၂၆၉.၂၉၂ | (+)၁၇.၁၇ |
| အခြားပဲ | US$ | ၀.၀၀၃ | ၀.၁၀၇ | (+)၀.၁၀၄ |
| | ကီလို | ၃.၄၃၄ | ၁၈၁.၆၀၄ | (+)၁၇၈.၁၇ |
| စုစုပေါင်း | US$ | ၆၁.၄၃၅ | ၆၀.၅၃၇ | (-)၀.၈၉၈ |
| | ကီလို | ၈၅၉၉၄.၈၇၇ | ၈၄၇၇၁.၉၀၅ | (-)၁၂၂၂.၉၇၂ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

## ၂၀၂၂ ခုနှစ်၊ ဧပြီလပထမ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ရောဝတီ | ရှမ်း |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၈၅၀၀၀ | ၁၀၁၀၀၀ | ၉၀၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ |
| - ရွှေတောင် | ၈၀၀၀၀ | ၉၂၀၀၀ | ၈၇၀၀၀ | ၉၃၀၀၀ | ၈၆၀၀၀ |
| - ဩဘာ/ ကောမက် | ၈၀၀၀၀ | ၈၅၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၈၆၀၀၀ |
| - ရွှေနဂါး | ၈၅၀၀၀ | ၈၀၀၀၀ | ၉၀၀၀၀ | ၉၄၀၀၀ | - |
| - ဝိစာရ | ၇၅၀၀၀ | ၈၉၀၀၀ | ၉၀၀၀၀ | ၉၆၀၀၀ | ၈၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၈၀၀၀၀ | ၈၃၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ |
| - အာမို | ၇၀၀၀၀ | ၈၁၀၀၀ | ၈၂၀၀၀ | ၉၀၀၀၀ | ၇၅၀၀၀ |
| - ဩဘာ/ ကောမက် | ၇၆၀၀၀ | ၈၃၀၀၀ | ၈၅၀၀၀ | ၇၆၀၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၇၂၀၀၀ | ၈၀၀၀၀ | ၈၂၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၉၀၀၀ | ၉၂၀၀၀ | ၈၀၀၀၀ | ၇၈၀၀၀ |
| - ဝိစာရ | - | ၈၅၀၀၀ | ၉၂၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၈၅၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၇၈၀၀၀ |
| - ဩဘာ | - | ၈၅၀၀၀ | ၉၆၀၀၀ | ၉၀၀၀၀ | - |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၈၂၀၀၀ | ၈၀၀၀၀ | ၈၄၀၀၀ | ၉၆၁၀၀ | ၈၂၀၀၀ |
| - အာမို | ၈၂၀၀၀ | ၈၂၀၀၀ | ၈၁၀၀၀ | ၉၆၈၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၈၀၀၀၀ | ၈၀၀၀၀ | ၈၄၀၀၀ | ၉၅၆၀၀ | ၈၂၀၀၀ |
| - ရွှေနဂါး | - | ၈၀၀၀၀ | ၇၉၀၀၀ | ၉၆၀၀၀ | - |
| - သံကွင်း | - | ၈၂၀၀၀ | ၇၉၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | |
|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ရောဝတီ |
| မနောသုခ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဆင်းသုခ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ |
| ရောမင်း | ၂၀၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ |

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈, Email: doamisppme@gmail.com